
င်စာပေ

မြပုလဲခင်

လုံးချင်းဝတ္ထုသစ်

# သုံးယောက်ပေါင်းအသင်းတော်



Graphic - Myat Thu Ya

# အပိုင်း (၁)

## အခန်း (၁)

ဘယ်အငြိုးအတေးနဲ့ များ မိုးကလည်း သဲသဲမဲမဲ ရွာသွန်းဖြိုးနေသည် မသိ။ အုပ်စိုး စိတ်ရှုပ်လှပြီ။

ရွာသွန်းနေသော မိုးရည်စက်တွေ ဘယ်လောက်များများ အုပ်စိုးရင်ထဲက မီးတောက်မီးလျှံကို ငြိမ်းသတ်ခြင်းငှာ မစွမ်းဆောင်နိုင်။

အသုဘပို့ပြီး ပြန်လာချိန်၏ နာရီဝက်အတွင်းမှာ ပင် အသုဘပို့လာသော ပရိသတ်တို့ ကတော့ တစ်စတစ်စ စဲသွားလေပြီ။

မစဲသေးတာဆို၍ မိုးပဲရှိသည် ။ အိမ်က ကားတွေကလည်း တစ်စီးမှ မကျန်၊ ကားမပါသော အမျိုးအရင်းအချာများကို လိုက်ပို့ပေးနေရသေးသည် ။

လူရှင်းသွားချိန်၌ ဧည့်ခန်းထဲဝယ် ကျန်နေသော သူများမှာ အိမ်သားများ နှင့် အိမ်၏ ဗာဟီယ အလုပ်သမားသာ ကျန်တော့သည် ။ အသုဘပို့ မတိုင်မီက လာနေပေးကြသော အမျိုးများကလည်း အလုပ်အကိုင်နေ့မှပဲ လာညအိပ်ပေးတော့မယ် ဘာဖြစ်နေလို့ ဟူသော ဘာဘာညာညာ အကြောင်းပြချက်များ နှင့် အသီးသီး အလျှိုလျှို ပြန်ကုန်ကြလေပြီ။

ညှော့ခန်းအပြည့် မွေးပွကောဇော ခင်းထားပြီး ဆက်တီခုံများကို စာကြည့်ခန်းအတွင်း ခေတ္တထားကာ စာကြည့်ခန်းတံခါးကို ပိတ်ထားသည်။ ဒါကလည်း ကြီးလတ်၏ အစီအမံတွေသာ ဖြစ်သည်။

"ရက်လည်ပြီးမှ ပဲ ပစ္စည်းတွေ နေရာပြန်ချတာပေါ့"ဟု ပြောထားခဲ့သည်။

အုပ်စိုး ဝင်လာတော့ အလုပ်သမားတွေက အလျှိုအလျှိုနှင့် ကွာစေ့ပန်းကန်၊ အအေးဗူး၊ သကြားလုံးပန်းကန်၊ ရေသန့်ပုလင်း သိမ်းသူသိမ်း၊ နာရေးယပ်တောင်နှင့် ပဋ္ဌာန်းဒေသနာတော် စာအုပ်ကလေးများကို စုစည်းပြီး သိမ်းသူသိမ်း၊ အလုပ်ရှုပ်နေသည်။ ဒါကိုလည်း ကြီးလတ်ကပဲ စီမံခန့်ခွဲနေသည်။

ရုတ်တရက် ညှော့ခန်းကျယ်ကြီး၏ ထောင့်တစ်နေရာတွင် သူ့ရင်ထဲကို စွဲငြိစေသော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ဖြူဖြူကလေး...

နောက် ဖြူဖြူကလေး၏ ရင်ခွင်ကိုတိုးဝင်ကာ မျက်နှာအပ်ပြီး တောက်တဲ့ ကပ် ကပ်နေသော ၃ နှစ်သာရှိသေးသည့် လူမမယ်သမီး နီနီကလေး၏ နောက်ကြော။

"မေကြီးကော မေကြီး ဘယ်ရောက်သွားပြီလဲ ဖြူဖြူ၊ ဖေကြီးတောင် ပြန် လာပြီ မေကြီးလဲ ပြန်လာဘူး"

နီနီကလေးက ဘာတွေဂျီကျပြီး တွတ်တွတ်နှင့် ပြောနေခဲ့သည် ကို သူ မသိ။

ဖြူဖြူကလေးကတော့ နီနီကလေးကို ပွေ့ချီကာ အိပ်ပျော်သွားစေရန် ကြိုးပမ်းပေးနေရှာသည်။

သူ့အကြည့်နှင့် ဖြူဖြူကလေးအကြည့် မျက်ဝန်းချင်း ဆုံမိကြသည် ။ ဖြူဖြူကလေး၏ မျက်ဝန်း....။

တွယ်ရာမဲ့နေသော မျက်ဝန်း။

ဖြူစင်သန့်ရှင်းလွန်းသော မျက်ဝန်း၌ အားငယ်ရိပ်တွေ လွှမ်းနေသည် ။ မျက်နှာလေးပင် ချောင်ကျပြီး ဖြူဖတ်ဖြူရော် ဖြစ်နေရှာသည် ။ သူ့ရင်ထဲဝယ် ကရုဏာအိုင်ကလေး ဖြစ်ထွန်းသွားသည် ။

ကရုဏာအိုင်ဟု ဆိုသော်လည်း မိုးကုန်လျှင် ခမ်းသွားတတ်သော ပေါ့သေးသေး အိုင်လေးမဟုတ်။

ကျောက်ဆိုင်ကျောက်ခဲကြား၊ စိမ့်ကြီး မြိုင်ကြီး မြောင်ကြီးကြားက ဖြစ်ထွန်းနေသော စိမ့်စမ်းရေအိုင်မျိုးသာ ဖြစ်သည် ။

ဘယ်သောအခါမှ ခမ်းခြောက်သွားလိမ့်မည် မဟုတ်သော ကရုဏာအိုင်လေးဖြစ်သည် ။

တွယ်ရာမဲ့သလို ဖြစ်နေသော ဖြူဖြူကလေး၏ ဘဝ။ ပညာမစုံသေး၊ အရွယ်ကလည်း ယခု ၁၆ နှစ်ဆိုတော့ ကလေးသာသာလေးသာ ရှိသေးသည် ။ သောကတွေကို ဆင့်ကဲဆင့်ကဲ ခံစားလာရရှာသော ဖြူဖြူကလေး၏ အနာဂတ်။ ဒါတွေအားလုံး သူ့လက်ထဲမှာ ရှိနေသည် ။ ဖြူဖြူကလေး အနာဂတ်အတွက် သူ အကောင်းဆုံး စောင့်ရှောက်ပေးရမည် ဟူသော ဆုံးဖြတ်ချက်။

ပြီးတော့ အပြစ်ကင်းစင်လွန်းသော လူမမယ် သမီးငယ်လေး "နီနီကလေး"။ သူ့ဘဝ၌ မေတ္တာ မငတ်မွတ်စေရန် ဖခင်တစ်ယောက်၏ လုံခြုံ ကြီးမား နွေးထွေးသော မေတ္တာတရားဖြင့် ပြုစု ပျိုးထောင် စောင့်ရှောက်သွားရမည် ဟူသော ဆုံးဖြတ်ချက်။

ထိုဆုံးဖြတ်ချက်များ နှင့်အတူ အားပေးသော အပြုံးဖြင့် ပြုံးကာ..

"ဘာလဲ နီကလေးက ဂျီကျနေတာလား ဖြူကလေး ပေး ကိုကို သွားသိပ်လိုက်မယ်"

"ဟင့်အင်း ဖြူကလေးပဲ သိပ်ပါ့မယ်"

"ဘယ်ဖြစ်မလဲ ဖြူကလေးရယ် ညည်းလည်း သိပ်ပင်ပန်းနေပါပြီ ကိုကိုပဲ သွားသိပ်မယ်။ ညည်း နားလိုက်ပါ လွတ်လွတ်လပ်လပ် အိပ်လိုက် ဟုတ်လား"

"ဟင့်အင်း ဟင့်အင်း ဖြူကလေး နီကလေးနဲ့ ပဲ အိပ်မယ် ဖြူကလေးဘဝမှာ ဘာမှ မရှိတော့ဘူး နီကလေးပဲရှိတာ နီကလေးနဲ့ ဖြူကလေး ဘယ်တော့မှ မခွဲဘူး"

ဖြူဖြူကလေးက ပြောပြောဆိုဆို မျက်ရည်တွေ စီးကျ လာပြီး နီနီကလေးကို တင်းတင်းပွေ့ဖက်ကာ အိမ်အပေါ်ထပ်ဆီသို့ တောက်လျှောက်ပြေးတက်သွားလေတော့သည် ။

အုပ်စိုးရင်ထဲဝယ် ကရုဏာစိမ့်စမ်းရေလေးက တသွင်သွင်စီးကျရင်း ...

"ဟဲ့ ရွှေစာ ဖြူကလေးကို သွားဝိုင်းလုပ်ပေးလိုက်စမ်း"

"ဟုတ်ကဲ့ ဆရာ"

ကော်ဇောလိပ်ကို ခါပြီး ခေတ္တလိပ်ထားရန် ကြီးလတ် အမိန့်ပေးထားသဖြင့် လုပ်နေသော ရွှေစာနှင့် ရွှေမိ နှစ်ယောက်အနက် တစ်ယောက်ကို လှမ်းအမိန့်ပေးလိုက်သည် ။

"သမီးလေးကိုကော မိုင်လိုဖူး ဖျော်ပေးထားရဲ့ လား.. ဖြူကလေးကို

ကော တစ်ခုခု စားခိုင်းဦးနော်"

"ဟုတ်ကဲ့"

သူကိုယ်တိုင်ကလည်း ထမင်းစားခန်းဘက် လျှောက်သွားပြီး ရေခဲသေတ္တာ ဆွဲဖွင့်ကာ ဆန်းကစ်တစ်ဗူး ဖွင့်ကာ ဖောက်သောက်လိုက်သည် ။

နောက် အပေါ်ထပ်သို့ တက်ခဲ့ပြီး သူတို့ အိပ်ခန်းသို့ ဝင်ခဲ့သည် ။ နှစ်ယောက်အိပ် ခုတင်ကြီးက သူ့အား လှောင်ပြောင်နေသည် ။ သူ့စိတ်ထဲ ပေါ်ပေါက်လာသည် က ရက်လည်ပြီးလျှင် ထိုခုတင်ကို ဖြုတ်ကာ သူ့အတွက် တစ်ယောက်အိပ်ခန်းအဖြစ် ပြန်လည် ပြင်ဆင်လိုက်တော့မည်ဟု ။

ယခု လောလောဆယ်တော့ သူ အိပ်နေကျ အခန်းလွတ်ဆီသို့ ဦးတည်လိုက်သည် ။ ထိုအိပ်ခန်းကို စတိုခန်းအနေနှင့်သာ အများက သိနေသော်လည်း တစ်ယောက်အိပ်ခုတင် လွတ်ကလေးတစ်လုံး ရှိနေသည် ။ ထိုခုတင်ကလေးထက်၌ ညများ    များ စွာ သူ အိပ်စက်ခဲ့ကြောင်းကိုတော့ ခုတင်ပေါ်ရှိ ပစ္စည်းကလေးများကသာ သက်သေခံပေလိမ့်မည်။

သူ သက်ပြင်းချလိုက်သည် ။ နောက် ထိုခုတင်ကလေး၌ပင် လဲလျောင်းလိုက်သည် ။

ဖြူဖြူကလေး၏ သနားစရာ မျက်ဝန်းလေးကို ပြန်လည်မြင်ယောင်လာသည် ။

သူ့ဘဝသည် ဖြူဖြူကလေးတို့ တူဝရီးအတွက်သာ ပေးဆပ်သင့်သည် ဟူသော ဆုံးဖြတ်ချက်ကို သူ ရဲရဲတင်းတင်းပင် ဆုံးဖြတ် လိုက်လေသည် ။

တခဏတွင်းချင်း၌ သူ အိပ်ပျော်သွားလေသည် ။

အိပ်မပျော်သော ရက်တွေသာ များ ခဲ့ပြီကိုး။

သူ့ဇနီး ဝါဝါကလေး သေဆုံးသွားသည့်အချိန်မှ ယခု အသုဘပို့ပြီး အချိန်ထိဆိုလျှင် သူ့အိပ်ချိန်ပေါင်းမှာ ငါးနာရီမျှပင် ပြည့်ခဲ့ပုံမရပါ။

ယခုတော့ ဆုံးဖြတ်ချက်တစ်ခုကို ဒုံးဒုံးချလိုက်ပြီးချိန်မှာ တော့ သူ နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့လေသည် ။

***

# အခန်း (၂)

"ညီမလေး ညည်းမမပစ္စည်းတွေကို ပေးစရာရှိတာတွေ ပေးလိုက်။ ရက်လည်မှာ လာလုပ်ပေးတဲ့ အမျိုးတွေထဲက မရှိတဲ့ သူတွေကို ပေးလိုက်။ ကြီးလတ်နဲ့ တိုင်ပင်ပြီး လုပ်လိုက်"

"ဟုတ်ကဲ့ ကိုကို"

"ဩော် ညီမလေး"

အုပ်စိုးက ဘေးဘီသို့ကြည့်လိုက်သည် ။ လောကကြီးအလယ်၌ မျက်စိသူငယ် နားသူငယ်နှင့် ကျန်ရစ်ခဲ့ရှာသည့် ဖြူဖြူကလေးအတွက် သူ ရတက်မအေးနိုင်ရှာ။

ကြီးလတ် ဆိုသည် ကလည်း သူ့ယောက္ခမကြီး ဦးမောင်ကလေး ဆုံးသွားမှ ရောက်လာသူ ဖြစ်သည် ။ ဝါဝါကလေး၏ မိခင်၏ အစ်မလတ်ဖြစ်သည် ။ အပျိုကြီးလည်း ဖြစ်သဖြင့် မတ်မုဆိုးဖိုနှင့် မနေလို။ ထို့ကြောင့် ဦးမောင်ကလေး ဆုံးသွားသည့်အခါမှ ရောက်လာခဲ့သည် ။ ထိုအချိန်၌ ဝါဝါကလေးမှာ လည်း နှလုံးရောဂါဖြင့် တရှောင်ရှောင် ဖြစ်နေသည့်အတွက် မပြန်ဖြစ်တော့ဘဲ သောင်တင်နေခဲ့သည် ။

ယခုလို ဝါဝါကလေး ဆုံးသွားပြန်တော့လည်း ကြီးလတ်အတွက် ယတိပြတ် ဆုံးဖြတ်ချက်တစ်ခုတော့ ချမှတ်ရပေလိမ့်မည်။

ကြီးလတ်က တစ်ကိုယ်ရေတစ်ကာယ ဆိုသော်လည်း သူ ငယ်စဉ်က တည်းက နေခဲ့သော ကြီးမကြီးဟု သူတို့ ခေါ်သော ဒေါ်မကြီး ‘ဝါဝါက လေး၏ ကြီးတော်ကြီး’ မိသားစုပေါ်၌ ပို၍ တွယ်တာလေသည် ။ ကြီးမကြီးတို့ မိသားစုမှာ သိပ်အချမ်းသာကြီး မဟုတ်သော်လည်း လူတ န်းစေ့တော့ နေနိုင် စားနိုင် သောက်နိုင်ကြသည် ။ ကြီးမကြီး၏ သားသ မီးများ အပေါ် ကြီးလတ် တွယ်တာမှုက ပိုနိုင်သည် ။ သူ၏ လက်ပေါ် ကြီးခဲ့သူများ ဖြစ်နေသည် ။

ဝါဝါကလေးနှင့် ဖြူဖြူကလေး ညီအစ်မ နှစ်ယောက်ကတော့ ဖြူဖြူ ကလေး လေးနှစ်အရွယ် လောက်ကတည်းက မိခင် ဒေါ်ညီမလေး ဆုံး သွားသည့်အပြင် ဦးမောင်ကလေးကလည်း သူပဲဖခင်၊ သူပဲမိခင်အဖြစ် သမီးနှစ်ယောက်အပေါ် စိတ်လုံခြုံမှု အပြည့်ပေးနိုင်သဖြင့် မိန်းမဘက် က အမျိုးတွေ သိပ်အသွားအလာ မရှိခဲ့ကြချေ။

ဦးမောင်ကလေး ဆုံးသွားမှ ရောက်ရှိလာသော ကြီးလတ်ခေါ် ဒေါ် ညီမလတ်အပေါ်တွင် သူ အရမ်းကာရော မယုံကြည်ရဲသေး။

ဦးမောင်ကလေး ဆုံးပြီး ၅ လအကွာတွင် ဝါဝါကလေး ထပ်ဆုံးသဖြင့် ကြီးလတ် သူတို့ အိမ်တွင် သောင်တင်နေသည် မှာ ၅ လမျှသာ ရှိသေးသည် ။

ထို့ကြောင့် ကြီးလတ်အပေါ်တွင် သူ မယုံကြည်ရဲသေးခြင်းမှာ သူ့အ လွန်မဟုတ်ဟု အုပ်စိုးယူဆသည် ။

"ကိုကို ဘာပြောမလို့ လဲ ပြောလေ"

ဖြူဖြူကလေး သတိပေးမှ အုပ်စိုးသည် သူပြောရမည့် စကာတွေအ တွက် သတိရလိုက်သည် ။

ပြောသင့် မပြောသင့် ချင့်ချိန်ရသေးသည် ။

"လစဉ် အိမ်အသုံးစရိတ် ငွေအတွက် ကိုကို ဖြူကလေးကိုအပ်ရင် ဖြူကလေးအတွက် ဦးနှောက်စားမလား"

ဖြူဖြူကလေး မျက်စိကလေး ကလယ် ကလယ် ဖြစ်သွားသည် ။ ဖြူဖြူကလေးသည် ၁၆ နှစ် ကျော်မျှသာ ရှိသေးသည် ။ ဆယ်တန်း စာမေးပွဲကြီးကလည်း နီးနေပြီ။ တစ်နှစ်ထဲမှာ ဖခင်နာရေးကော အစ်မနာရေးကော ဆက်တိုက်ဆိုသလို ကြုံတွေ့ရသူ ဖြစ်သဖြင့် သောကဝေဒနာ ဖိစီးနှိပ်စက်ခြင်းကို ခံရရှာသူလေးအဖြစ် အုပ်စိုးမှာ ကရုဏာသက်ပြီး တာဝန်ပိစေမည့် တာဝန်မျိုး မပေးရက်သေးချေ။

"ဟင့်အင်း ဖြူလေး နားမလည်ဘူး ကိုကို။ ကြီးလတ်ကိုပဲပေးပါ"

"ဟင်း"ခနဲနေအောင် သူ သက်ပြင်းချလိုက်မိသည် ။

ဖြူဖြူကလေးက ရိုးသား အပြစ်ကင်းစင် လာလေလေ သူ့မှာ တာဝန်ကြီး လာလေလေ ဖြစ်သည် ။

"ကောင်းပြီလေ ဒါဖြင့် ကိုကို ညီမလေးကို မီးခံသေတ္တာသော့ မအပ်သေးဘူး၊ ဖြူကလေး ဆယ်တန်းစာမေးပွဲ ပြီးလို့ ဖြူကလေး တာဝန်ယူနိုင်ပြီဆိုတဲ့ နေ့ရောက်မှ ကိုကို အပ်မယ်နော်"

"ရပါတယ် ကိုကို ဒါများ အဆန်းလုပ်ပြီး ဖြူကလေးကို ပြောနေရသေးတယ်။ ဒါပဲလား ကိုကို ဖြူကလေး အောက်မှာ သွားဝိုင်းလုပ်လိုက်ဦးမယ်"

"သမီးလေးကော"

"အောက်မှာ ဆော့နေတယ် ရွှေစာကို ကြည့်ခိုင်းထားတယ်"

"အင်း အင်း သွား"

အပေါ်ထပ်ဧည့်ခန်းဝယ် အုပ်စိုးတစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည် ။

အုပ်စိုး အိမ်အသုံးစရိတ် စာရင်းစာအုပ်ကို ဖွင့်ကြည့်လိုက်သည် ။ နောက် ဝါဝါကလေး နာရေးအတွက် သီးသန့်စာရင်းမှတ်ထားသော စာအုပ်ကိုလည်း ဖွင့်စစ်လိုက်သည် ။ မနက်ဖြန် ရက်လည်ပြီးသွားလျှင်တော့ သူတို့ အိမ်လေးသည် ပုံမှန်အနေအထားဖြင့် တည်ငြိမ်စွာ လည်ပတ်ရပေလိမ့်မည်။

ကြီးလတ်၏ သဘောထားကို တီးခေါက်ကြည့်ရဦးမည်။

အိမ်မှာ ဗာဟိရအလုပ်သမားက ၆ ဦးတောင်ရှိသည် ။ အိမ်တွင်းက ဒေါ်စိန်နှင့် ရွှေမိ၊ ရွှေစာတို့ ညီအစ်မ၊ နောက် ဒရိုင်ဘာက ဦးမောင်ထူး၊ မာလီက မူးစေ့၊ ညစောင့်ဒရဝမ်က ဦးမှုံကြီး သူတို့ ကို သူကပဲ လစာပေးကာ ဩဇာပေးခဲ့ရသည် မှာ ဦးမောင်ကလေး ရှိကတည်းကပင်။

ဦးမောင်ကလေး ရှိစဉ်ကတော့ သူနှင့်တွဲကာ တက်ညီလက်ညီဆိုတော့ သူ ခေါင်းတစ်လုံးတည်းနှင့် ရေအိုးနှစ်လုံး သုံးလုံး ရွက်စရာမလိုခဲ့ပေ။

ယခုတော့ ခေါင်းတစ်လုံးတည်းနှင့် ရေအိုးဘယ်နှလုံးလောက် ရွက်ရမည်ကို မခန့်မှန်းတတ်တော့။

သို့သော် အရေးအကြီးဆုံး ဆောင်ရွက်ရမည့် တာဝန်တစ်ခုမှာ သူ့သမီး နီနီကလေးနှင့် ခယ်မ ဖြူဖြူကလေးတို့ ၏ ဘဝ ပျော်ရွှင်သာယာချမ်းမြေ့စေရန်နှင့် လိုတရဘဝ ဖြစ်စေရန် ဖန်တီးပေးဖို့ သာ အဓိကဖြစ်သည် ။

စိတ်လုံခြုံမှု..။

နီနီကလေးအတွက်က ဖခင်သည် အနီးကပ်စောင့်ရှောက်မှု လိုအပ်နေသည် ။

ဖြူဖြူကလေးအတွက်ကကော...

ခယ်မနဲ့ ခဲအို တင့်တယ်ပ့ါမလား ဟူသော အတွေးဝင်လာသောအခါ သူ သက်ပြင်း ထပ်ချလိုက်မိပြန်သည် ။

သူ စာရင်းစာအုပ်တွေ ပိတ်ပြီး စားပွဲပေါ်၌ ခေတ္တတင်ထားခဲ့ကာ အောက်ထပ်သို့ ခဏဆင်းရသည် ။

ဖြူဖြူကလေးသည် ကလေးသာသာရှိသေးသည် ။

သူ အောက်ထပ်အရောက်တွင် ကြီးလတ်ကို ရှာဖွေလိုက်သည် ။ မနက်ဖြန် ရက်လည်ဆွမ်းသွတ်အတွက် ကြီးလတ် အလုပ်များ နေသည် ။

"ဝိုင်းက ၅ ဝိုင်းစာဆိုတော့ တစ်ဝိုင်းကို ၆ ဦးနှုန်းပဲထား ပန်းကန်က ၃ဂ လိုအပ်တယ်။ အလျှင်မီအောင် ၅ဂ ထုတ်ထား၊ ဟင်းချိုသောက်အလယ်တည်အတွက် ၁ဂ လုံး ထုတ်ထား၊ ဇွန်းခက်ရင်းလည်း အစုံ ၅ဂ သာ ထုတ်၊ ကြက်သားနဲ့ ဆိတ်သား ငါးပိကျော် အချဉ်ပန်းကန် အချိုပွဲ"

သူ ကြီးလတ် စီမံခန့်ခွဲနေသမျှကို ဆုံးအောင် စောင့်ကြည့်ပြီး ခေတ္တစောင့်ဆိုင်းနေလိုက်သည် ။

လက်သုတ်ပဝါ သွားကြားထိုးတံဗူးကအစ တစ်ရှူးဗူးအဆုံး လိုလေသေးမရှိ ထုတ်ပေး စီမံခန့်ခွဲနေသော ကြီးလတ်၏ အကွက်စေ့မှု၊ စည်းကမ်း စနစ်ဇယားရှိမှုတို့ ကို ကြည့်ပြီး သူ့စိတ်ထဲ ကြိတ်၍ ဝမ်းသာနေမိသည် ။

ဖြူဖြူကလေးကတော့ ကလေးလိုပင် ဘာမှ မလုပ်ဘဲ ကြီးလတ်အနားထိုင်ကာ ဟိုယောင်ယောင် သည် ယောင်ယောင် လုပ်နေသည် ။

"ကြီးလတ် ဘုန်းကြီး ဘယ်နှပါးလဲဟင်"

"၂၇ ပါးလေ"

"ဘာဖြစ်လို့ လဲ"

"ဩော် ညည်းအစ်မ သက်စေ့ပေ့ါ"

"ထောပတ်ထမင်းဆိုတော့ အီတာပေ့ါနော် ထမင်းဖြူကော ပါမှာလား"

"ပါပါတယ်"

"ကြီးလတ်ကိုယ်တိုင် ချက်မှာ ဆိုတော့ မပင်ပန်းဘူးလား"

"အို ဘာပင်ပန်းတာလိုက်လို့ ကျုပ်က လေပဲကုန်တာကိုး"

တူဝရီး ၂ ယောက် အချီအချ စကားပြောနေသံကို နားထောင်ပြီး သူ ပြုံးလိုက်မိသည် ။

ဖြူဖြူကလေး ဘယ်တော့မှ အရွယ်ရောက်ပြီး မိန်းမကြီး တစ်ယောက်ပမာ ကြီးလတ်ကဲ့သို့သော အရည်အချင်းမျိုး ရလာလိမ့်မည်မသိ။

ကြီးလတ်ကို ပြောစရာရှိသော စကားတို့ ကို မပြောသေးဘဲ ရက်လည်ပြီး လူရှင်းသွားချိန်ရောက်မှ ပဲ ပြောတော့မည်ဟု ဆုံးဖြတ်ကာ သူ အခြားစကားကို လွှဲလိုက်သည် ။

"ကြီးလတ်"

"ဩော် မောင်အုပ်စိုး ဘာလိုသေးလို့ လဲ"

"ဘာမှ မလိုပါဘူး သင်္ကန်း ၂၇ စုံကော လှူဖွယ်ဝတ္ထုတွေကော ကျွန်တော် အသင့် လုပ်ထားပြီးပါပြီ။ စာကြည့်ခန်းထဲမှာ ထည့်ထားတယ် ပြောမလို့ ပါ"

"အေး အေး အဲဒါတွေ ညရောက်မှ ပြင်ခိုင်းထားမယ်"

"ဘာလိုသေးလဲ ကြီးလတ် ငွေကော"

"မလိုဘူး မောင်အုပ်စိုး ပိုတောင် ပိုဦးမှာ ပါ ပြီးမှ ပဲ စာရင်းအပ်.."

"ဟာ ကြီးလတ်ကလည်း ကျွန်တော့်ကို စာရင်းအပ်စရာ မလိုပါဘူး၊ ကြီးလတ်ဘာသာ ကြီးလတ်ပဲ သိမ်းထားပါ။ အိမ်သုံးစရိတ်လည်း ကြီးလတ်လက်ထဲပဲ ဆက်အပ်ရဦးမှာ ပဲ"

"ဟင် ငါ့မှာ လည်း မကြီးသားသမီးတွေ လက်လွှတ်ကုန်လို့ စစ်ကိုင်းချောင်မှာ ဆောက်လုပ်လှူထားတဲ့ ဇရပ်ကလေးမှာ သွားပြီး တရားအားထုတ်မယ် စိတ်ကူးထားကာမှ ညီမမိသားစုတာဝန် ဆက်ထမ်းရပြန်ပါပြီ ဖြူကလေးရယ် ညည်းလည်း အရွယ် မြန်မြန်ရောက်ပါစေတော့ကွယ်။ ဒါမှ ကျုပ်လည်း လွတ်လွတ်လပ်လပ် ထွက်နိုင်မှာ "

ကြီးလတ်စကား၏ အဆုံး၌ အုပ်စိုး ပို၍ စိတ်အေးသွားသည် ။

ကြီးလတ်၌ လောဘ ဒေါသ မရှိ။ သံသရာမှ လွတ်မြောက်ရာလမ်းစကို ရှာဖွေနေသူ ဖြစ်သည် ပဲ။

"ဟင် ကြီးလတ်ကလည်း ဖြူကလေးတို့ ကို ပစ်ထားလို့ မရဘူးနော်၊ ဖြူကလေးက နီကလေးကိုခေါ်ပြီး ကြီးလတ်သွားလေရာကို လျှောက်လိုက်နေမှာ ပဲ"

"အင်း ညည်းကလေးရေ ညည်းကို သွန်သင်စရာတွေ အများကြီးရှိသေးတယ် စိတ်ချပါ ညည်းကို စိတ်ချရပြီဆိုတဲ့ အနေအထားရောက်မှ

ကျုပ်ထွက်သွားမှာ ပါ"

"ကျွန်တော် ပွဲရုံခဏသွားဦးမလို့ ကြီးလတ် ဘာလိုအပ်သေးသလဲ"

တူဝရီးနှစ်ယောက်၏ စကားကို ကြားဖြတ်ပြီး သူပြောလိုက်ရသည် ။ ကြီးလတ်က

"မမှာ တော့ပါဘူး ခုနေတော့ ဘာမှ မလိုသေးဘူး"

"တကယ်လို့ လိုအပ်လာရင်လည်း ဦးလေးထူးနဲ့ သာ သွားလိုက်တော့ ကြီးလတ်"

"အေး အေး စိတ်ချလက်ချသာ သွားပါ"

"ဖြူကလေး ကိုကိုသွားမယ် ဘာမှာ ဦးမလဲ"

"မုန့်ဝယ်ခဲ့ ဖြူကလေးနဲ့ နီးကလေးအတွက်"

အုပ်စိုးရင်ထဲ မချင့်မရဲလေး ဖြစ်သွားသည် ။

"ဒီကလေးမလေးကတော့လေ"ဟု လက်သီးဆုပ်နှင့် ခေါင်းကလေးကိုထုရန် ရွယ်လိုက်ပြီးမှ ဖြူဖြူကလေး အရွယ်ရောက် လာပြီ၊ ကလေးဘဝတုန်းကလို လက်ပွန်းတတီး မနေသင့်တော့ဘူး ဟူသော အသိတရားလေးဖြင့် လျှက်တပြက် ချွန်းအုပ်ကာ ရွယ်ထားသောလက်ကို ပြန်လည် ရုပ်သိမ်း လိုက်လေသည် ။

နောက် ချက်ချင်းပင် လှည့်ထွက်ခဲ့လေသည် ။

ရင်ထဲဝယ် အမည်မသိသော ဝေဒနာရပ်က ဝင်ရောက်ကာ နှလုံးသားကို ပုတ်ခတ်လိုက်သည့်နှယ် ရင်ထဲ လှုပ်လှုပ်ရှားရှားလေးတော့ ဖြစ်သွားလေသည် ။

***

# အခန်း (၃)

ရက်လည်ပြီးနောက်နေ့ အိမ်၏ အထားအသိုများကို ပြန်လည်နေရာချထား လိုက်လေသည် ။

ဖြူဖြူကလေးက ကျောင်းသို့ သွားလေသည် ။ စာမေးပွဲကတ် ထုတ်ရက် စုံစမ်းရန် ဟူသော အကြောင်းပြချက်နှင့် ကျောင်းသွားတက်လေသည် ။ နီနီကလေးကိုလည်း မူကြိုပြန်ပို့ လိုက်လေသည် ။

သူ ပြန်ရောက်ပြီးသည် နှင့် ကြီးလတ်ကို ရှာလိုက်သည် ။ ကြီးလတ်က ဝါဝါကလေးနှင့် သူ နှစ်ယောက်အိပ်ခန်းတွင် ရောက်နေသည် ။ ဘီဒိုရှင်းနေသည် ။

"ကြီးလတ် ကျွန်တော် ဝင်ခဲ့မယ်နော်"

သူက အသံပြုလိုက်ပြီး ဝင်ခွင့်တောင်းလိုက်သည် ။

"ဝင်ခဲ့လေ မင်းက မရှိတဲ့ အမျိုးတွေကို ပေးဆိုလို့ ပေးလိုက်ပေမယ့် သူတို့ ရပ်ကွက် သူတို့ နဲ့ ထိုက်တန်တဲ့ အဝတ်အစားလေးတွေပဲ ကြီးလတ်ပေးလိုက်ပါတယ်။ ကျန်တဲ့ ပိုးတို့ ဖဲတို့ ကတော့ နေကတိုင်ချုပ်ပြီး လှူရမယ်။ ဖြူဖြူကလေး ကြိုက်တာယူဆိုတော့လည်း မကြိုက်ဘူးတဲ့ အေးလေ အရွယ်ချင်းကကွာတော့ သူ့အစ်မအဝတ်အစားတွေ သူဘယ်ကြိုက်မလဲ နီနီကလေးအတွက်ဆို ပိုဆိုးမယ်"

ကြီးလတ်ပြောတာတွေသည် အမှန်တွေချည်းပဲ ဖြစ်၍ သူ လက်ခံပါသည် ။

"အမှတ်တရသိမ်း ဆိုရအောင်ကလည်း လူတောင် သေသွားပြီးမှတော့ သူပစ္စည်းဆိုတာ အလကားဖြစ်သွားပြီ။ လိုအပ်သူတွေကို ပေးလိုက်ရင် ပိုအကျိုးရှိတယ်။ သူ့အတွက် ရည်စူးပြီး အလှူဒါနတစ်မျိုး လုပ်ပေးရာကျတယ်လေ။ မင်းသဘောကကော"

"ကြီးလတ်သဘောပါ"

"အေးအေး ဒါဖြင့် အိမ်ဖော်မိန်းကလေးတွေ အတွက်ကော ဦးမောင်ထူးမိန်းမ၊ မူးစေ့မိန်းမနဲ့ မှူကြီးမိန်းမအတွက်ပါ ပေးလိုက်မယ်နော်။ ပိုးထည်တွေကတော့ နေကထိုင်တွေချုပ်ပြီး ဘုန်းကြီး ကိုရင်တွေအတွက်ကော သီလရှင်တွေအတွက်ပါ အခင်းလေးတွေ လုပ်လှူလိုက်မယ်"

"ဟုတ်ကဲ့ ကြီးလတ်ကို အကုန်အပ်ထားပြီးပြီပဲဗျာ။ ဒီအခန်းကိုလည်း ကြီးလတ်ပဲ နေလိုက်ပါ။ ကျွန်တော် အောက်ထပ်က အိပ်ခန်းမှာ ပဲ ပြောင်းနေတော့မယ်"

"ဘာဖြစ်လို့ လဲ မောင်အုပ်စိုးရဲ့ ညရေးညတာ မင်း သမီးနဲ့ ညီမလေးကို စောင့်ရှောက်ဖို့ က အနီးကပ်ရှိနေတော့ မကောင်းဘူးလားကွယ်"

"တင့်တယ်ပါ့မလား ကြီးလတ်ရယ်။ ဖြူကလေးဟာ ကျွန်တော့်လက်ပေါ်မှာ ကြီးခဲ့လို့ ကျွန်တော်က ညီမလေးအရင်းလို သဘောထားပေမယ့် ပတ်ဝန်းကျင်ဆိုတာက ရှိသေးတယ်"

"အိုကွယ် ပတ်ဝန်းကျင်ဆိုတာက ချီးမွမ်း ၇ ရက်၊ ကဲ့ရဲ့ ၇ ရက်ပါ မောင်အုပ်စိုးရယ်။ မြည်းတစ်ကောင်နဲ့ သားအဖလို ပတ်ဝန်းကျင်ကို ဂရုစိုက်နေရင် ဘာမှ အလုပ်ဖြစ်တော့မှာ မဟုတ်ဘူး ။ လောကကြီးမှာ ဘ

ယ်သူ့အကျိုးစီးပွားကိုမှ မထိခိုက်ဘူးဆိုရင် ကိုယ်မှန်တယ်ထင်တဲ့ ကိစ္စကို ရဲရဲတင်းတင်းသာ လုပ်ပေတော့"

ကြီးလတ်ဘေး သူ ဝင်ထိုင်လိုက်သည် ။ ဘီဒိုထဲ ဟောင်းလောင်းဖြစ်နေသည် ။ ဖျာပေါ်၌ ပုံချထားသော အဝတ်ပုံများကို သင့်တော်သလို အပုံလေးတွေ ပုံထားလေသည် ။

"ဒါတောင် တစ်ဝက်က ပေးပြီးသွားပြီ။ အဖေလုပ်သူကလည်း မိတဆိုးလေးတွေဆိုပြီး အလိုလိုက်ခဲ့ရှာပေတာကိုး။ များ လိုက်တဲ့ အဝတ်တွေ"

"ကြီးလတ် မမဝါရဲ့ လက်ဝတ်လက်စားတွေတော့ မီးခံသေတ္တာထဲမှာ ပဲ သိမ်းထားတယ်။ ဖြူကလေးနဲ့ နီကလေးအတွက်ပါပဲ"

"ဖြူကလေးက ဝါကလေးနဲ့ ဆင်တူတွေချည်းပဲဆိုတော့ နီကလေးအတွက်ပဲ ထားလိုက်ပါ ခုတော့ ကလေးကငယ်သေးတယ်။ အန္တရာယ်ရှိတယ်။ မဆင်နဲ့ ဦး သိမ်းထား။ ကြီးလတ်သဘောကတော့လေ မင်းတို့ မိသားစု ဥမကွဲ သိုက်မပျက်ရအောင် ဖြူလေး အရွယ်ရလာတာနဲ့ မင်းနဲ့ ပြန်လက်ထပ်ပေးချင်တယ်"

သူ လုံးဝမျှော်လင့်မထားသော စကားကို ကြားလိုက်ရသဖြင့် မျက်နှာတစ်ပြင်လုံး မီးဟပ်ခံလိုက်ရသည့်နှယ် ရှက်ကိုးရှက်ကန်းဖြင့် ထူပူသွားပြီ။

"ဟာ ကြီးလတ်ကလည်း "

ဟု ဆိုကာ ထပြေးရမလို ဆက်ထိုင်ရမလို ဖြစ်သွားသည် ။

"မဟာနဲ့ မောင်အုပ်စိုး ဖြစ်သင့်ဖြစ်ထိုက်တာကို ကြီးလတ်ပြောနေ

တာ။ မောင်ကလေးဟာ မင်းကို ဘာကြောင့် သဘောကျပြီး သမက်အဖြစ် ရွေးချယ်ခဲ့သလဲဆိုတာကို ကြီးလတ်လည်း ကိုယ်တိုင် လာနေကြည့်မှပဲ သဘောပေါက်တော့တယ်။ မင်းမှာ အရည်အချင်းကောင်းတွေ အများကြီးရှိတယ် မောင်အုပ်စိုး"

ကြီးလတ်က သူ့အား ဟိမဝန္တာ ချီးမွမ်းခန်း ထုတ်နေလေသည် ။ သူ့ရင်ထဲဝယ် မလုံမလဲ ဖြစ်သွားသည် ။

သူသည် မမဝါအပေါ် တာဝန်ကျေခဲ့သလား။ "တာဝန်"ဟူသော စကားရပ်သည် ဝတ်ကျေတန်းကျေ ဟူသော စကားရပ်နှင့် တူညီနေသလား။ သာလွန်သလားကိုပင် သူ နားမလည်ခဲ့။

ခုချိန်ကစပြီး ကြီးလတ်ကို သူတို့ ၏ အုပ်ထိန်းသူပမာ အိမ်ဦးခန်း၌ထားပြီး ဆုံးမစကားတို့ ကို နာခံရန် သူ ဆုံးဖြတ်ထားပြီးသား ဖြစ်သည် ။

"ကြီးလတ် ကျွန်တော်က ဖြူကလေးကို ကိုယ့်ညီမလေး အရင်းတစ်ယောက်လိုလည်း တစ်သက်လုံး စောင့်ရှောက်သွားနိုင်ပါတယ်"

"အေးလေ သံယောဇဉ်ဆိုတာ ရှိထားပြီးသား ဆိုတော့လည်း ရှေ့လျှောက်ရမယ့် ခရီးလမ်းအတွက် သိပ်မခက်ခဲတော့ပါဘူး။ နီနီကလေးအတွက် သူစိမ်းမဖက်စေချင်ဘူးကွယ်။ အေးပါလေ လောလောဆယ်တော့ ကြီးလတ် ဒီစကားတွေ မပြောချင်သေးဘူး။ ဒါပေမဲ့လည်း ကြီးလတ်က မင်းတို့ အိမ်မှာ နေပေးနိုင်လှ လွန်ရောကျွံရော ၃ နှစ်လောက်ပဲ ကိုယ့်ခန္ဓာဝန် ကိုယ်ထမ်းနိုင်တုန်းအချိန်မှာ ထမ်းတတ်အောင် သေတတ်အောင် ကျင့်ကြံအားထုတ်ချင်တယ်"

"ကြီးလတ်ရယ် ဒီမှာ လည်း အေးချမ်းတာပဲ"

"ဘယ်မှာ အေးချမ်းလို့ လဲ မောင်အုပ်စိုးရယ် လူကိုးယောက်လောက် ရှိတဲ့ အိမ်ကို အုပ်ချုပ်နေရတဲ့ ဟာ ကဲပါလေ လောလောဆယ် ဖြူဖြူက လေး သိတတ်နားလည်လာတဲ့ အထိတော့ ကြီးလတ် အုပ်ချုပ်ပေးပါ့မ ယ်ကွယ် မင်း ဘာပြောစရာရှိလို့ လဲ"

"ဘာမှ ပြောစရာ မရှိပါဘူး အောက်ထပ်ရွှေ့မလို့ ပါ။ ကြီးလတ်က မ ရွှေ့နဲ့ ဆိုတော့လည်း ဒီမှာ ပဲ ပြန်ပြင်ဆင်တာပေါ့"

"အေး အေး"

"နောက်ပြီး ကြီးလတ်ကို မီးခံသေတ္တာသော့ အပ်ထားချင်ပါတယ်"

"မင်းပဲ သိမ်းထားပါ"

"မဟုတ်သေးဘူးလေ ကျွန်တော်က အမြဲတစေ အပြင်ထွက် ခရီးသွားနေတဲ့ လူဆိုတော့ အိမ်မှာ ရှိတဲ့ ကြီးလတ်ပဲ သိမ်းထားပေးပါ"

"အင်း အဲဒါ ဝန် ဝန်ထုပ်ဝန်ပိုးတွေပဲ ဖြူကလေး အရွယ် မြန်မြန် ရောက်လာဖို့ ပဲ အရေးကြီးတယ်"

ကြီးလတ်အနေဖြင့် တကယ့်ကို လူမှုကိစ္စနယ်ပယ်က ရှောင်ရှားချင် နေပုံရသည် ။

သို့သော် အုပ်စိုးပေးသော သော့ကိုဖြင့် လက်ခံယူလိုက်သည် ။ သော့ တွဲ။ တစ်အိမ်လုံးပိုင် အခန်းအားလုံးနှင့် ဘီဒို မီးခံသေတ္တာသော့ အပါအ ဝင် သော့တွဲဖြစ်သည် ။

ထိုနေ့က သူ အလုပ်သမား ၃ ယောက်နှင့် အိမ်ပစ္စည်းများကို ဟိုရွှေ့ ဒီရွှေ့ လုပ်သည် ။

အပေါ်ထပ်အိပ်ခန်း ၄ ခန်းအနက် အရှေ့ဘက် အိပ်ခန်း ၂ ခန်းက

ခေါင်းရင်းခန်းက ဦးမောင်ကလေးတို့ အိပ်ခန်း ဖြစ်သည် ။ ထိုအိပ်ခန်းကို စာကြည့်ခန်းအဖြစ် သူ ပြင်ဆင်လိုက်သည် ။ ခြေရင်းခန်းက သူ့အိပ်ခန်းကပ်လျက်က စတိုခန်းဖြစ်သည် ။ ဝါဝါကလေးနှင့် ပြဿနာဖြစ်တိုင်း သူ ခွဲအိပ်နေကျ အိပ်ခန်းဖြစ်သည် ။ ထိုအိပ်ခန်းရှိ ခုတင်ကိုလည်း ဖြုတ်သိမ်းလိုက်သည် ။ နှစ်ယောက်အိပ် ခုတင်ကိုလည်း ဖြုတ်ကာ ထိုအခန်း၌ပင် ထားလိုက်သည် ။ ယခုမှ တကယ့် စတိုခန်းလေးဖြစ်သွားသည် ။

အုပ်စိုး သူ့ဘဝကို သူ တွေးနေမိသည် ။

ဦးမောင်ကလေး၏ ကျေးဇူးတရားက ကြီးမားလွန်းလှသည် ။ ဦးမောင်ကလေးနေရာသို့ သူ ရောက်ရှိနေသောအခါမှ ဦးမောင်ကလေး၏ မေတ္တာ စေတနာကို ပိုပြီး နားလည် လာလေသည် ။

ဦးမောင်ကလေးသည် သူပိုင်လုပ်ငန်း အားလုံး၏ လုပ်ပိုင်ခွင့်ဟူသမျှတို့ ကို သူ့အား လွှဲသွားခဲ့လေသည် ။

"ဟင် ကိုကို ဘာလုပ်နေတာလဲ"

"ဖေကြီး မီး ပြန်လာဘီ"

အလုပ်သမားတွေ ပြန်သွားပြီးနောက် အသစ်ပြောင်းလဲထားသော အခန်းအနေအထားတို့ ကို လှည့်ပတ်ကြည့်ရင်း တွေးတောနေစဉ် ဖြူဖြူကလေးတို့ တူဝရီး ပြန်ရောက်လာသည် ။

"လာပါဦး သမီးရယ် ဖေ့ဆီကို"

သမီးက သူ့ကို သိပ်မကပ်။ သမီးနှင့်သူ သွေးဝေးသွားမှာ စိုးရိမ်သဖြင့် သူ သမီးလေးကို လက်လှမ်းလိုက်သည် ။

"အင်း ဖေကြီး အလုပ်တွားဘူးလား"

"သွားမယ် ခဏနေသွားရဦးမှာ မီးတို့ အတွက် ငွေတွေလိုက်သိမ်းဦးမယ်။ ညရောက်မှ ပြန်ခဲ့မယ်"

"စောစော ပြန်လာခဲ့နော်"

"မီးက မအိပ်ဘဲ စောင့်နေမှာ လား"

"အင်း"

"အင်းလို့ မပြောရဘူးလေ ဖြူဖြူ ဘာသင်ထားသလဲ"

"ဟုတ်ကဲ့"

"လိမ္မာလိုက်တာ သမီးလေးရာ ဒါကြောင့် ဖေကြီးကချစ်ရတာ"

သမီးလေး၏ ပါးမို့မို့နှစ်ဖက်ကို တစ်ဖက်ဆီ နမ်းရှိုက်လိုက်သည် ။

"ဟာ ဖေကြီးကလည်း အာဝါးကြီးပဲ ပေးနေတာပဲ မီး သွားဆော့တော့မယ်"

"သမီးကလဲကွာ"

သမီးကလေးသည် တင်းကြပ်စွာဖက်၍ နမ်းရှုံ့ခြင်းကို မကြိုက်တော့ ။ နေမကောင်းသည့်အခါ သူ့အဒေါ်ပေါ်နှင့် အဖေကို တစ်လှည့်စီ ကပ်သည် ကလွဲ၍ လူပေါ်သိပ်မနေချင်တော့။ အိပ်ခါနီးဆိုလျှင်တော့ ရင်ခွင်ကို ချောင်းတတ်သည် ။ ထိုရင်ခွင်သည် ဖြူဖြူကလေးနှင့် သူ့ရင်ခွင်ကလွဲ၍ အခြားသူ၏ ရင်ခွင် မဟုတ်ပေ။

"ကိုကို ထမင်းစားသွားမှာ လား"

"မစားတော့ဘူး ခုပဲ ရေချိုးပြီးသွားမှာ "

"တွားမယ်လေ ဖြူဖြူ"

"အင်း အင်း"

တူဝရီးနှစ်ယောက် ထွက်သွားတော့ သူ့ရင်ထဲ ဟာကျန်ရစ်ခဲ့သည် ။

သူ့ကိုယ်ပေါ်မှ ရှန်းဆင်းပြီး အဒေါ်လက်ကို ဆွဲကာ ထွက်သွားသော သမီးလေးကို ကြည့်ရင်း အနာဂတ်အတွက် သူ မျှော်မှန်းကြည့်သည် ။

သူ ဖြတ်သန်းခဲ့ရသော ဘဝသည် ကြမ်းတမ်းသော ကွေ့ကောက်သော နာကျင်သော နာကြည်းမှုဆူးများ နှင့် ရစ်ပတ်နှောင်ဖွဲ့ခံရသော ဘဝလမ်းသာ ဖြစ်နေခဲ့သည် ။

ယခု ထိုခံစားချက်အားလုံးကို ခဝါချကာ ပန်းခင်းလမ်းကို သူ လျှောက်လှမ်းလိုသည် ။

ဖြစ်နိုင်ပါ့မလား။

ကံတရားက သူ့အား မျက်နှာသာပေးပါ့မလား။

အုပ်စိုး တွေးတောမိလေသည် ။

သို့သော် ကြာရှည် တွေးတောချိန်မရ။ သူ ရေချိုးကာ ပွဲရုံသို့ ထွက်ခဲ့ရလေသည် ။

***